



# သရဖူ

## ခင်နှင်းယု

mgyoe.com

mgyoe.com



ခင်နှင်းယု

ISBN9789997115423
KHY25
9 789997 115423
1,200.00KS

mgyoe.com

mgyoe.com

သရုပ္ပ၊ ခင်နှင်းယု
မျက်နှာပုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၈၇ + မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၅၃ စက်တင်ဘာ မြဝတီမဂ္ဂဇင်း၊ ၁၉၆၄ ချီးပြုံစာပေ သရုပ္ပ ဝတ္ထု ၄ ပုဒ်တွဲ၊
(၂၀၁၃ စိတ်ကူးချိုချို၏ နွေနှောင်းရွက်ကျန်မဂ္ဂဇင်းဝတ္ထုရှည်များစာအုပ်)

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စာမွန်ခန်းသာစာအုပ်စင်

# သရဖူ

## ခင်နှင်းယု

တစ်ပုဒ်တည်း ပထမအကြိမ် ၂၀၁၃

mgyoe.com

mgyoe.com

# စာမွန်ခန်းသာ

စိတ်ကူးချိုချို၏ အဖိုးနည်းဝန်ပါ
ရသစာအုပ်ကောင်းလေးများ
အစီအစဉ် ဖြစ်ပါသည်။

ဝတ္ထုလတ်တစ်ပုဒ်(သို့မဟုတ်)နှစ်ပုဒ်သော်လည်းကောင်း၊
ဝတ္ထုတိုသုံးပုဒ်(သို့မဟုတ်)ငါးပုဒ်သော်လည်းကောင်း
ရသစာမွန်စာကောင်းများ ရွေးချယ်စုစည်းသွားပါမည်။

အချိန်ရှားပါး ခေတ်လူသားများသို့ အထူးရည်ရွယ်လျက်
ပေါ့ပေါ့ပါးပါးလည်းရှိ၊ တန်ကြေးလည်း မများ၊
ခရီးဆောင်လည်းဖြစ်၊ ညှော်ခန်းသာမှာလည်း ညှော်ခံ၊
စာဖတ်ဝလေ့ အထောက်အကူလည်း ပြုရလေအောင်
ရည်ရွယ်စီစဉ်လိုက်ကြခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

(၁)

လင် အဝေးသို့ သွားနေချိန်မှ ကိုယ်ဝန်ရှိရမည်ဆိုသည်မှာ အတော် ခက်သည့်အလုပ်ပင် ဖြစ်လေသည်။

"တခြားနည်းလမ်းကို စဉ်းစားကြပါဦး" ဟု အေးကဆို၏။ အေး၏ ယောက္ခမသည် တခြားနည်းလမ်းကို စဉ်းစား၍ ရဟန်မတူပေ။ အဘွားကြီး သည် မဖြစ်စဖူး ဒီတစ်ခါ ချွေးသီးချွေးပေါက်များ ကျ၍နေပေသည်။

ကျရပေမည်။ အလှည့်ဆိုတာ ရှိဦးမှပေါ့။ အစဉ်ပဲ သာတောင့်သာယာ နှင့် ပျော်ပျော်ကြီးနေခဲ့သော အဘွားကြီးသည် ဒီတစ်ခါ ချွေးသီးချွေးပေါက် ကျသင့်ပေသည်။ အေးမှာလည်း ချွေးပေါက်မကျပေမဲ့ အသက်ရှူရတော့ ကျပ်ပေသည်။

"မောင်စိုးအောင် မသွားခင်ကတည်းက ကလေးရှိနေရစ်တယ်လို့ ပြန်လာရင် ပြောတာပေါ့"

"ဟင် ..."

အေးသည် တစ်ချက်တည်း အော်၍ပစ်လိုက်ချင်သည်။ ဒါပေမဲ့ ယောက္ခမဆိုသည်မှာလည်း ရှိသေရဦးမည် မဟုတ်ပါလား။

mgyoe.com

mgyoe.com


"ဖြစ်နိုင်ပါ့မလား မေမေ ... သူသွားတာ ကြာလည်းကြာပြီ၊ ပြီးတော့ မသွားခင်ကလည်း အေးမှာ ကလေးမရှိဘူးဆိုတာ သူ သိသွားတယ်"

"အို ... သမီးရယ်၊ ယောကျ်ားတွေဟာ ဒီနေရာမှာ လှည့်လို့ လွယ်ပါတယ်"

အေးရင်ထဲတွင် ဘုရား တလိုက်မိ၏။ သက်ကြီးရွယ်ထောက် ဆံပင်ဖြူတွေပင် ပေါက်လောက်နေသော ယောက္ခမကြီးက လင်လိမ်နည်းတွေ သင်နေပြန်လေသည်။ သူ့တစ်သက်တာတွင် ဘယ်လောက်များ အဘိုးကြီးကို လိမ်လာခဲ့ပြီ မသိပေ။

"အေးကသာ အေးရဲ့ကလေးအဖြစ် တာဝန်မယူဘူးဆိုရင် ရှိစီ တစ်ယောက် ဒီကလေးကိုဖျက်ချမှာပဲ"

"ဘာ ... ဘာ ... ဒီလိုတော့ မလုပ်ပါနဲ့လေ"

အေးသည် လက်ဖျားတွေ အေး၍လာပြန်သည်။ ရှိစီ၏ ကမြင်းမှုပယောဂကြောင့် လူ့ဘဝတွင် သန္ဓေတည်စရှိသေးသော သားငယ်မှာ လူ့ဘဝကို မရောက်ခင်က အသတ်ခံရာတော့မည်။

"ကိုယ် ဖြစ်ခဲ့ပြီးမှပဲ မေမေရယ် ... ရှိစီ ထင်ထင်ပေါ်ပေါ်ပဲ မွေးပါစေ၊ ဘယ်လူနဲ့ပဲ ဖြစ်ခဲ့ဖြစ်ခဲ့၊ ဖြစ်တဲ့ကလေးအဖေနဲ့ ပေးစားလိုက်ပါတော့"

အဘွားကြီးသည် ခေါင်းကို တွင်တွင်ယမ်းနေသည်။

"ပြောရမှာခက်တယ် အေး၊ အင်း ... ခက်တယ်"

အဘွားကြီးသည် သူ့သမီး၏ စာရင်းရှုပ်မှုအတွက် အတော်ပင် စိတ်ဆင်းရဲဟန်ရှိသည်။

"ရှိစီနဲ့ စေ့စပ်ထားတဲ့သူငယ်က အမေရိက,က ပြန်လာဖို့ နှစ်နှစ်လောက် လိုသေးတယ်၊ မိဘချင်းလည်း လက်ဖွဲ့ပစ္စည်းကိစ္စကအစ ပြောပြီးဆိုပြီးပဲ၊ ဒီတော့ ဘယ်လိုနည်းနဲ့မှ အပျက်မခံနိုင်ဘူး၊ ပြီးတော့လည်း ခက်တာက ရှိစီကိုယ်တိုင် သူ ဘယ်သူနဲ့ဖြစ်ခဲ့တယ်လို့ကို မသိဘူး"

mgyoe.com

mgyoe.com


"ဟင် … သေလိုက်ပါတော့ ရှိစီရယ်"

"အင်း … သေဖို့ပဲကောင်းပါတယ် အေးရယ်၊ ဒါကြောင့် သမီးကို ကူပါလို့ပြောရတာ"

အဘွားကြီးသည် မျက်ရည်တွေရွှဲလာ၍ တရှုပ်ရှုပ်ဖြစ်နေသည်။

"ဘယ်သူနဲ့မှန်း မသိရအောင် ဘယ်လိုဖြစ်လို့လဲ"

"ဩော် … ကပွဲမှာပေါ့ကွယ်၊ ကကြိုရင်း အရက်သောက်ကြရင်းနဲ့ တစ်ညတုန်းက သူ တော်တော် အမူးလွန်သွားတယ်ပြောတယ်၊ အဲဒီညက တ ယောက်ယောက်နဲ့ ဖြစ်လိုက်မှာပဲ"

"ဟင် … ရှိစီတစ်ယောက် အရက်သောက်တတ်မှကိုး"

ကြောက်စရာကောင်းသည့် အဖြစ်များပါလား။ အေး တစ်ကိုယ်လုံးတွင် ကြက်သီးတဖြန်းဖြန်း ထလာသည်။

"မောင်စိုးအောင် ပြန်လာချိန်မှာ အားလုံး အဆင်ပြေအောင် မေမေ ကြည့်လုပ်ပါ့မယ်"

"ကိုကို ပြန်လာရင် အဖြစ်စုံကို မေမေက ပြောပြလိုက်ပေါ့"

"မဖြစ်ဘူးသမီးရဲ့၊ အမယ်လေး သားရဲ့စိတ်ကို သမီးက သိသားနဲ့နော်၊ ရှိစီနဲ့ကလည်း နည်းနည်းမှ စိတ်ချင်းသဘောချင်း တိုက်ဆိုင်တာမဟုတ်ဘူး။ လက်မထပ်ခင် အကြောင်းစုံသိသွားရင် ဟို ယူမယ့်သူငယ်ကို စော်ကား ရမလား ဘာလားနဲ့ မဟားတရား သွားပြောမှာ"

အေးသည် ဘာပြန်ပြောရမည်ပင် မသိပေ။ ရှိစီ၏ ဝမ်းထဲမှကလေး ကိုလည်းသနားသည်။ ဒါလောက် ပျံလွှန်းနဲ့လွှန်းသော ရှိစီကိုလည်း ဒေါ် ခတ်ချင်သည်။ အမှန်အတိုင်း ဒီအိမ်ကြီးတစ်အိမ်လုံးကိုက ဖရိုဖရဲနိုင်လှ လေသည်။ သူသည် ပင့်သက်ချလိုက်ရင်း …

"ဒီလိုဆိုတော့ အေး ဘာလုပ်ပေးရမလဲ"

အဘွားကြီးသည် ရွှင်၍လာသည်။

mgyoe.com

mgyoe.com


"ကျေးဇူးတင်ပါတယ် သမီးရယ်၊ အစီအစဉ်တွေကို နောက်တော့ မေမေပြောပြပါ့မယ်၊ ကဲ ... သမီး တာဝန်ယူတဲ့အကြောင်း ရိုစီ့ကို သွားပြော ဦးမယ်၊ သူလည်း တရှုပ်ရှုပ်ငိုနေတာပဲ"

ယောက္ခမကြီးမှာ လက်ကိုင်ပဝါနှင့် မျက်လုံးကိုတို့၍ အခန်းပြင်သို့ ထွက်သွားတော့သည်။

လောကကြီးတွင် လူတွေသည် ကိုယ်ကိုယ်တိုင်ပြုခဲ့သော မကောင်းမှု ဒုစရိုက်နှင့် လော်လီဖောက်ပြားမှု၏အပြစ်ဒဏ်ကို ခံကြရသောအချိန်တွင် ဘာ့ကြောင့်များ ကြောက်ရွံ့ကြပါလိမ့်။ ထိုအချိန်အခါကျမှ ဟီရိသြတ္တပ္ပတရားကို သတိရခြင်းမှာ ပို၍နေလေပြီ။ မလုပ်ခင်ကသာ အရှက်နှင့် အကြောက်တရားကလေးများပေါ်လိုက်ရင် ရာဇဝင်အခန်းရှုပ်တို့သည် လူ့လောကတွင် ပေါ်လာကြမည် မဟုတ်ပေ။

အေးသည် နာမည်နဲ့လိုက်အောင် အေးအေးပျော့ပျော့လေး ဖြစ်သည်။

သူ့ခင်ပွန်း ကိုစိုးအောင်မှာ အမြတ်တော်ကြေးဝန်ထောက်ဖြစ်၍ ဗှာန့်ဆိုင်ရာလုပ်ငန်းများ တိုးတက်ရေးအတွက် လန်ဒန်တွင် ပညာသွားသင်နေခြင်းဖြစ်လေသည်။ ပြန်လာလျှင် ကိုကို့မှာ ရာထူးတိုးမည်တော့ အမှန်ပဲ ဖြစ်သည်။

ဒီကြားထဲမှာမှလာ၍ ရိုစီ့ကိစ္စက ဖြစ်လိုက်ရသေးသည်။ ယောက္ခမ၊ ယောက်မများနှင့်အတူ နေရစ်ခဲ့ရသော အေးသည် ယခုလိုမဖြစ်ခင်ကပင် နည်းနည်းမျှ စိတ်သဘောချင်း မတိုက်ဆိုင်ခဲ့ပေ။

ဒါပေမဲ့ အေးသည် ကိုကို့ကို ချစ်သည်။ ကိုကို့ကိုချစ်လျှင် သူ့မိဘများကိုလည်း ချစ်ရ ရှိသေရပေမည်။ မိမိနှင့်ညားခါမှ တစ်အိမ်တစ်စင်ခွဲနေဖို့တွေ ဘာတွေကိုလည်း သွေးမဆောင်ချင်ပေ။

အေးသည် ငိုချင်သလိုဖြစ်လာ၏။ ဖေဖေနှင့် အမေကိုသတိရလာ

mgyoe.com

mgyoe.com



သည်။ အမေတို့၊ ဖေဖေတို့ကလည်း ခုလောက်ဆိုလျှင် စိတ်ပြေဖို့ ကောင်းလောက်ပါပြီ။ ကစဉ့်ကရဲနှင့် ဒုစရိုက်တွေများလာသော ဒီအိမ်ကြီးက ဇယားရှုပ်လာလေလေ၊ အေးချမ်းစည်းလုံးသော အမေ့အိမ်ကို သတိရမိလေလေဖြစ်တော့သည်။

ယခင်ကမူ ရှိစို့အဖြစ်ကဲ့သို့ ရှုပ်ပွေသောသတင်းမျိုးကို သတင်းစာများတွင် အပျင်းပြေသဘောနှင့် ဖတ်ခဲ့ဖူးသည်။ ယခုတော့ ထိုဇာတ်ရှုပ်တွင် ကိုယ်တိုင်ဝင်၍ ကရဦးတော့မည်ဖြစ်သဖြင့် ရင်ပူလာတော့သည်။ ရင်ပူလာမှပင် အမေ၏မေတ္တာရေကြည်ကို ဆာလောင်လာတော့သည်။ တကယ်တော့ ဖန်ပြာခွက်ကယ်နဲ့ ကျောက်စက်ကျရေထက် အေးမြကြည်လင်သော မိခင်၏မေတ္တာရေကြည်မျိုးကား အေးတစ်ယောက်အဖို့ အိပ်မက်ထဲ ဖွတ်ထည့်ပြီးမက်ပါမှသာ သောက်ရတော့မည့် ဘဝပါကလား။

***

mgyoe.com

mgyoe.com

## (၂)

ယောကျာ်းမဖြစ်သူ အခန်းထဲမှထသွားပြီးနောက် အေးသည် အခန်း၏ ဘေးဘက်ဝရန်တာသို့ ထွက်လိုက်သည်။ အဝေးသို့ မျှော်ကြည့်လိုက်တိုင်း မြက်ခင်းပြင်သည် ရင့်ရင့်ကြီးစိမ်း၍ ခပ်ပြေပြေ လျှောဆင်းသွားသည်။ ပတ်ဝန်းကျင်သည် အေးချမ်းတိတ်ဆိတ်သည်နှင့်အမျှ ငှက်ငယ်တို့၏ သီချင်းဆိုသံကလွဲ၍ မကြားနိုင်ပေ။

ခြံဝင်းထဲတွင် ပန်းပွင့်ဖြူချုံများသည် မြက်ခင်းများ ဝိုင်းရံထား၍ ပန်းကွက်ဖော်ထားသော ကော်ဇောလို လှပနေသည်။ များသောအားဖြင့် နောက်ခံများသည် စိမ်းသောသစ်ပင်များ ဖြစ်သည့်အတွက် တိုက်ဝါကြီး သည် ပိုမိုထင်ရှားလှပ၍နေလေသည်။

အဝေးကကြည့်လျှင် ဤအိမ်ကြီး၏စိုပြည်လှပမှု၊ ငြိမ်းချမ်းမှုတွေမှာ မက်မောစရာကောင်းခဲ့သည်။ အေး ပထမဆုံး ကိုကို့နောက် လိုက်လာခဲ့စဉ် ကလည်း အိမ်ကြီးကို မြင်မြင်ချင်းပင် စိတ်ချမ်းမြေ့သာယာခဲ့လေသည်။

အိမ်ကြီးမှာ အပြင်က အဝါရောင်သုတ်ထားပေမဲ့ အတွင်းနံရံများ သည် အစိမ်းနုနုပြေပြေအရောင်ကို သုတ်ထားပေသည်။ ခန်းဆီးအဝါနုများ

mgyoe.com

mgyoe.com


သည် လေတိုက်လိုက်တိုင်း နံရံကိုလာ၍ဟပ်လျှင် အရောင်များသည် လှပစွာ ရောယှက်၍သွားကြသည်။

ပူနွေးသောနေရောင်ခြည်များ မြူးစပြုလာသည်ပဲဖြစ်စေ၊ ငွေစက် ငွေချည်မျှင်တွေလို မိုးများ ရွာသွန်းလာသည်ပဲဖြစ်စေ ခြံတွင်း ပန်းရနံ့များကမူ အိမ်ကြီးဆီသို့ အစဉ်ပင် တလှိုင့်လှိုင့် ကူး၍လာကြသည်။

မနှစ် ဆောင်းရာသီတုန်းကများ ကရမက်ပန်းတွေသည် ခြံထဲမှာ တစ်ပြိုင်နက်ပွင့်ခဲ့ကြသည်။ နှင်းမှုန်နှင့်ပန်းဖြူ ရောသောအခါ ခြံတစ်ခုလုံးသည် ငွေဇာပြင်ဖုံးထားသလို ဖြစ်နေတော့သည်။

ပထမတုန်းကမူ ကိုကိုသည် သူ့ကို ဤမျှ လှပသောအိမ်ကြီးသို့ ခေါ်လာခဲ့သည့်အတွက် အေး,က ကိုကို့ကို အလွန်ကျေးဇူးတင်ခဲ့မိ၏။ ကိုကိုသည် သူတို့၏ လှပသောအိမ်ကြီးကို တစ်မက်ကြောင်းလည်း မကြာခဏ ပြောကြားခဲ့လေသည်။

အေးကလည်း ကိုကို့ထက်ပင် အိမ်ကြီး၌ သာယာမိပေသည်။

ဒါပေမဲ့ အေးသည် အိမ်ကြီးတွင်နေလာတော့မှ အိမ်၏သာယာမှုဆိုသည်မှာ နံရံကြီးတွေလား၊ အိစက်သော ကော်ဇောများ ဆိုဖာများလား၊ လှပသောပန်းချီများလား၊ ဘယ်ဟာသည် အိမ်ကြီး၏သာယာမှုလဲ ဆိုသည်ကို တွေးတောစပြုလာလေသည်။ အေးအတွက် အဖြေကိုလည်း ဤအိမ်ကြီး၏အိမ်သားများက ဖြေကြားခဲ့လေသည်။

⁂

အေး ယောက္ခမ မေမေကြီးသည် အရှေ့တိုင်း ရောင်းဝယ်ရေးကုမ္ပဏီ၏ပိုင်ရှင်ဖြစ်သည်။ အမှန်တော့ အရင်းငွေတွင် ဘယ်သူမျှ အစုပါဝင်ခြင်း မရှိပေ။ သူတစ်ဦးတည်း မ,တည်လာခြင်း ဖြစ်ပေသည်။

စကားပြောလျှင် ခပ်သွက်သွက်ပြောတတ်၍ လမ်းလျှောက်လျှင်မူ သိမ်သိမ်မွေ့မွေ့ လျှောက်တတ်ပေသည်။ တစ်ခါက မင်းကြီးကတော်ဖြစ်ခဲ့သူ

mgyoe.com

mgyoe.com


မဟုတ်ပါလား။ မင်းကတော်တို့၏ မဟာဆန်သော အမူအရာများသည် မေမေကြီး၌ မပျောက်ခဲ့ပေ။

သူသည် စကားပြောလျှင် လိမ္မာပါးနပ်သည့်အတိုင်းပင် သူ့ကုမ္ပဏီ ကြီးပွားရေးတွင်လည်း သူသည် စကားဖြင့် ထူထောင်ခဲ့လေသည်။ အမှန် တော့ သူ့ချစ်လင် မင်းကြီးမှာ ယခုလိုအခါတွင် နေရာမရှိတော့ပေ။ ပြယုဂ် ပြဘဝသာ ရောက်ခဲ့ပေပြီ။ မင်းကြီး ပင်စင်ယူပြီးကတည်းက မေမေကြီး သည် အိမ်၏စီးပွားရေးအားလုံးကို ချုပ်ကိုင်လိုက်သည်။

ဖေဖေကြီးသည် သူ့အလုပ်ခွင်မှ အနားယူကတည်းက မေမေကြီး လက်အောက်တွင် ရောက်လာပြီမဟုတ်ပါလား။ ဘာတစ်ခွန်းမျှ အိမ်ရေး ကိစ္စတွင် ဝင်မစွက်တော့ဘဲ ကလပ်ကိုသာ မှန်မှန်တက်တော့သည်။ အမှန် တော့ ဖေဖေကြီးသည် တိတ်ဆိတ်စွာနှင့် ငြိမ်းချမ်းရေးတစ်ခုကို ရှာနေခြင်း အတွက် မေမေကြီးသည် ဘာမျှမပြောပေ။

သူ စားချင်သည်များကို စဉ်းစားကာ တစ်ခုချင်း၊ တစ်ခုချင်း စာရွက် တွင် ရေးမှတ်၍ ထမင်းချက်ကိုပေး၏။ ထမင်းချက်က ချက်ပေးသောအခါ သူသည် တစ်ယောက်တည်း ထမင်းစားခန်းတွင် စတိုင်ကျကျစား၏။

မေမေကြီး မီးမသေနိုင်သူမှာတော့ ရိုစီဖြစ်သည်။ ရိုစီသည် ဘယ်လို အကြောင်းပြချက်နှင့်ဖြစ်စေ သူ့ကို ချုပ်ချယ်၍မရပေ။

အမှန်တော့ အိမ်သားအားလုံးတွင် သိမ်မွေ့စွာ ဆက်သွယ်နေသော အချက်အလက်များသည် ပြေလျော့လျော့ရဲနေပြီဆိုလျှင် မှန်ပေသည်။

မေမေကြီးက သူ့ကုမ္ပဏီ ကြီးပွားမှုကို စိတ်ရောလူရောပုံသည်။ ငွေသာရမည်ဆိုလျှင် ဘာကိုမျှ ဂရုစိုက်လိမ့်မည်မဟုတ်။

ဖေဖေကြီးကလည်း ကလပ်ကိုသာ တက်နေသောအချိန်တွင် ရိုစီ သည် ထင်ရာကို လျှောက်၍လုပ်၏။ မိသားစုဆုံစည်း၍ လိုက်လိုက်လှဲလှဲ အကြောင်းအရာတစ်ခုခု ဆွေးနွေးလိုက်သည်၊ တိုင်ပင်လိုက်သည်ဟူ၍

mgyoe.com

mgyoe.com


မရှိပေ။

ရှိစီသည် စိတ်မထင်လျှင် ထမင်းစားခန်းထဲသို့ ထမင်း ဆင်း၍မစားပေ။ အင်္ဂလိပ်တွေဓလေ့လို နံနက်စာအတွက် လင်ပန်းငယ်နှင့်ပြင်၍ သူ့အခန်းထဲသို့ ယူလာရသည်။

မေမေကြီးတစ်ယောက် ဘယ်တုန်းက ထမင်းစား၍ သွားသည်ကို တောင်မှ သူတို့သားအဖ မသိလိုက်ကြပေ။

အေးသည် မိသားတစ်စုတွေ စုပေါင်း၍ ထမင်းစားရင်း ရယ်မောကြသည်ကို တစ်ခါမျှ မတွေ့ဖူးခဲ့ပေ။ ဒီအိမ်ကြီးကို ရောက်မှလည်း တစ်ခါမျှ ဟက်ဟက်ပက်ပက် မရယ်ခဲ့ရပေ။

ရှိစီကလည်း ယောက်မသာဆိုသည် ခပ်မှန်မှန်နေခဲ့၏။ ရှိစီ့အခန်းရှိ အိမ်ထောင်ပရိဘောဂများကို မေမေကြီးသည် လန်ဒန်မှ တိုက်ရိုက်မှာယူခဲ့လေသည်။ ထိုပစ္စည်းတွေရောက်စက ကိုကိုသည် မဲ့၏။

"အေးရေ ... ကိုယ့်နမ မဟာဆန်ချင်သူ့အခန်းကို သွားကြည့်စမ်း"

ကိုကို ခနဲ့သောအခါ အေးသည် မျက်နှာမထားတတ်ပေ။ အမှန်တော့ အချိန်ကာလများ တာရှည်လာသည်နှင့်အမျှ အေးသည် ဒီအိမ်ကြီးတွင် ပျင်းရိ၍လာခဲ့လေသည်။ ဒါပေမဲ့လည်း အေးက ကိုကို့နောက်ကို လိုက်လာခဲ့သူဖြစ်၏။ သူသည် ချွေးမတစ်ယောက်အနေနှင့် အိမ်ကြီးတွင် ဘာမျှ မစွက်ဖက်နိုင်ပေ။

ကိုကို ပျော်မွေ့သောအိမ်ကြီးကို ခွဲခွာ၍ အေးနှင့်အတူ တခြားသို့ ထွက်သွားရန်လည်း အေး့က မတိုက်တွန်းလိုပေ။

*

ကိုကိုသာ လက်ရှိဖြစ်ပျက်နေသောကိစ္စကို သိသွားပါက မိုးမီးလောင်တော့မည်။

ယခုလို မဖုံးနိုင်မဖိနိုင်သောအခြေသို့ ရောက်ခါနီးမှပင် ယောက္ခမနှင့်

mgyoe.com

mgyoe.com


ယောက်မတို့သည် သူ့ကို လာ၍ဦးညွှတ်၏၊ ချော့၏။ ဘယ်လောက် ရယ်စရာ ကောင်းပါသလဲ။ အေးယောက်ျားသည် ရိုးရိုးနှင့်ရှင်းသလောက် နမတွေ့ အမေတွေမှာ တီးတိုးတီးတိုးနိုင်လှသည်။

အေးသည် အရှုပ်တော်ပုံတွေကို ဆက်လက်၍ မတွေးချင်တော့ပေ။ ဒါပေမဲ့ ရှိစီသည် သူ့ဝမ်းထဲမှသားငယ်ကို သတ်ပစ်လိုက်မှာကိုတော့ သူ စိုးရိမ်မိပေသည်။

❋❋❋

mgyoe.com

mgyoe.com

(၃)

အိမ်မှာတုန်းကများ ထမင်းစားသည်ကအစ ပျော်စရာကောင်းလှသည်။ နောက်ဘက်တံခါးမကြီးမှ ထမင်းစားခန်းထဲသို့ ဝင်လာသော လေကလည်း စပါးနံ့၏ရနံ့များကို ယူ၍လာခဲ့၏။

ဖေဖေသည် မနက်စောစောပိုင်းကဖြစ်ခဲ့သော အကြောင်းများကိုလည်း မနက်စာစားချိန်ကျမှ ပြောတတ်သည်။ နေ့ခင်းက အကြောင်းများကိုလည်း ညစာစားချိန်ကျမှပြောတတ်သည်။ တကယ်ဆိုတော့ ကိုကိုနှင့်အေးတို့ဖေဖေမှာ ဝလေ့ချင်းတူလှသည်။ တစ်ခါတုန်းကများ ဝါးခယ်မဘက်ကမ်းမှ အနိုပ်သည် ဒေါ်ဖင်သည် အေးတို့ဘက်ကမ်းကို ကူးလာသည်။ အဒေါ်ကြီးက ယောင်တတ်သည့်အထဲ အေးတို့အိမ်က ခွေးထွက်၍အဆွဲတွင် ခွေးနှင့်ပြိုင်၍ ဒေါ်ဖင်ကြီး ခုန်ဆွခုန်ဆွ လေးဖက်ထောက်ကာ လုပ်နေပုံကို ဖေဖေပြောပြသည်မှာ ထမင်းပွဲတွင် တအုန်းအုန်းဖြစ်နေသေးသည်။

အမေသည် ထမင်းပင် သီးသွား၍ ရေထသောက်ရသေးသည်။ အိမ်ကြီး၏ရှေ့ဘက်တွင် မြစ်သည် ကွေ့ဝိုက်၍စီးနေသည်။ အိမ်နောက်ဘက်တွင် မျှော်မဆုံးသောလယ်ကွင်းသည် အေးအတွက် မက်မောစရာဖြစ်ခဲ့

mgyoe.com

mgyoe.com


လေသည်။

ဖေဖေနှင့် မေမေတို့မှာ အေး ကြီးပြင်းလာချိန်တွင် သူတို့ပစ္စည်း တဖြည်းဖြည်းတိုးတက်လာပုံကို ရာဇဝင်လေးသဖွယ် စီကာပတ်ကုံး ပြောပြတတ်သည်။ အမှန်တော့ အေးဖေဖေ၏ လွှထောင်လုပ်ငန်းသည် အုပ်ချုပ်သူ ကိုကျော်ဖံကြောင့် ကြီးပွားလာသည်ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။

အေးတို့အိမ်သည် ရေနံသုတ်သစ်သားအိမ်ကြီးဖြစ်၍ သရက်ပင်တွေ အိမ်ဘေးတွင် ဝိုင်း၍ပေါက်နေသည်။ မြစ်ဘက်တွင် ရေဆင်းတံတားကို ခပ်ကြီးကြီး ဆောက်၍ထားသည်။

ရေတက်ချိန်တွင် အိမ်ရှိအဖော်နှင့်အတူ အိမ်တွင်သုံးဖို့အတွက် ရေကို အေးတို့ ခပ်ကြရသည်။

နေ့တိုင်းလိုလို တစ်ဖက်ဝင်းတွင်ရှိသော သစ်ခွဲရုံမှ လွှဆွဲသံမှာ အေးတို့အတွက် ဂီတတစ်မျိုးလို ဖြစ်နေတော့သည်။

※

တောင်၏နံနက်သည် အေးချမ်းငြိမ်သက်လှ၏။ မိုးသောက်ငှက်လေးတွေသည် မြစ်စီးရာသို့ ပျံ၍သွားကြကာ ဖွဲ့ဖွဲ့နွဲ့နွဲ့ တေးကိုသီကြသည်။ ကမ်းစပ်မှ ရေလှိုင်းလေးတွေ၏ ရိုက်ခတ်သံကလည်း စည်းလိုက်သလို ကာရန်မိကြ၏။

ရောင်နီလာပြီဆိုလျှင်တော့ အမေသည် အရုဏ်ဆွမ်းကပ်၍ပင် ပြီးလေပြီ။

၃၁ ဘုံတွင် ကျင်လည်ကုန်ကြသော သတ္တဝါအပေါင်းအား သူပြုသောကုသိုလ်အတွက် သူနှင့်ထပ်တူထပ်မျှ အမျှရကြပါရန် အမေသည် အမျှဝေ၏။

"အမျှ ... အမျှ ... အမျှ ... ယူတော်မူကြပါကုန်လော့" ဟူသော အမေ၏အသံချိုချိုလေးသည် ကြေးစည်သံနှင့်အတူ လေထဲတွင် လွင့်လာသည်။

mgyoe.com

mgyoe.com



အေးတို့လည်း အိပ်ရာမှထကြရပြီ။ ဖေဖေသည် ဆင်ဝင်ခန်း၏ ဝရန်တာတွင် လျှောက်၍ မေတ္တာပို့တစ်ပုဒ်ကို ရွတ်နေသည်။

"ခပ်သိမ်းသောသတ္တဝါတို့သည်၊ အဝေရာ–ဘေးရန် မရှိကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဈာ–စိုးရိမ်ကြောင့်ကြ မရှိကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း ..."

အေးကတော့ ငြိမ်သက်စွာပင် ဘုရားကို အာရုံပြု၏။ နောက်ပြီး တစ်အိမ်သားလုံးလိုလို လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ အေး အိမ်အောက်ထပ်သို့ ဆင်းလာချိန်တွင်မူ အမေသည် ခြံထဲတွင်ရောက်နေပေပြီ။ နေရောင်ခြည်သည် အရှေ့ဘက်တွင် လင်းစပြုလာပေမဲ့ ခြံထဲတွင် သိပ်မလင်းသေးပေ။ ညဉ့်က လေတိုက်၍ကြွေသော သရက်သီးသေးသေးလေးတွေကို အမေက လိုက်၍ကောက်၏။ အမေသည် မှုန်တိမှုန်မွှားထဲတွင် မြင်ပဲမြင်တတ်သည်။

အမေ့မှာ ပိန်သည်ဆိုပေမဲ့ နေမကောင်းဖြစ်ခဲလှသည်။ တောက်တက်တောက်တက်နှင့် တစ်နေ့လုံးအငြိမ်မနေပေ။ ဆားရည်ထည့်ထားသော စဉ့်အိုးငယ်ထဲသို့ ကောက်ထားသော သရက်သီးများကို နေ့တိုင်း ထည့်၏။

၇ နာရီလောက်ဆိုလျှင် အေးသည် စာကြည့်စားပွဲမှထ၍ ဘုန်းတော်ကြီးများကို ဆွမ်းလောင်းဖို့ ပြင်ရတော့သည်။

မိုးတွင်းဆိုလျှင် အေးတို့အိမ်သားများသည် မြို့ဘက်ကမ်းကို သိပ်မကူးကြတော့ပေ။ များသောအားဖြင့် ငါးခြောက်ထောင်းကြော်၊ ပဲဟင်းချို နှင့် အမေ ဆားရည်စိမ်ထားသော သရက်သီးဆားစိမ်ကိုပဲ တို့၍ စားတတ်ကြသည်။

ဖေဖေသည် အမေလုပ်ထားသော သရက်သီးဆားစိမ် ကြွပ်ကြွပ်လေးကို ဝါးနေပုံမှာ မြိန်စရာကောင်းလှ၏။

သူတို့နှစ်ဦးစလုံးပဲ အေးကို ဒီနှစ် ၁၀ တန်း အောင်စေချင်ကြသည်။

mgyoe.com

mgyoe.com


စစ်ဖြစ်လိုက်၍ အေး အရွယ်နှောင်းသွားသည်ကိုပင် သူတို့နှစ်ယောက် တဖျစ်တောက်တောက် ပြောတတ်ကြ၏။

အေးကလည်း အမှန်တော့ စာကို ကြိုးစားပါသည်။ အေး ကျောင်း တက်ရသည်မှာ သက်သာလှသည် မဟုတ်ပေ။ တစ်ဖက်ကမ်းကို ကူးတို့နှင့် ကူးပြီးမှ မြို့အနောက်ပိုင်းရှိကျောင်းကြီးကို တက်ရသည်။

*

အေး စာမေးပွဲအောင်သည့်နေ့ကများ အမေက ပျော်မဆုံးအောင် ဖြစ်နေသည်။ ဖွတ်ကနီ ချောင်းထဲမှ လာပို့သော ကောက်ညှင်းဆန်ကို အမေက အုန်းကောက်ညှင်းထိုးသည်။ အမေသည် ဗမာမုန့်မျိုးစုံကို လုပ် တတ်သည်။

ပုစွန်လှော်ကို အမှုန့်လုပ်၍ အုန်းကောက်ညှင်းနှင့် ကျွေးသည်။ လှူဆွဲ သည့် လူတွေဘက်သို့လည်း ပို့လိုက်သေးသည်။

ကိုကျော်ဖံသည် ဖေဖေနှင့်ထိုင်၍ အုန်းကောက်ညှင်းစားရင်း အေးကို ခဏခဏကြည့်တတ်၏။

ရေနွေးကြမ်းပူပူကို အေးက ငှဲ၍ငှဲ၍ပေးရသည်။

"ဖေဖေစားပုံက သိပ်မြိန်စရာကောင်းတာပဲ"

အေးသည် ဖေဖေ့ကို လှမ်း၍ပြော၏။ မှန်ပေသည်၊ ဖေဖေသည် အုန်းကောက်ညှင်းကို အားရပါးရ ဆုပ်၍ ပုစွန်မှုန့်ထဲတွင် နှစ်လိုက်သည်။ ပန်းရောင်သွေးပုစွန်ဖတ်များသည် ကောက်ညှင်းတွင် ကပ်၍ပါလာကြ သောအခါ ဖေဖေသည် အားရပါးရဝါး၏။ ပုစွန်မှုန့်နံ့ကလည်း သင်းသင်း လေးဖြစ်နေသည်။

"ရွှေမိလက်ရာဆို ဖေဖေက မကြိုက်ဘဲ နေမလား"

ဖေဖေသည် ပြုံးပြုံးကြီးလုပ်၍ ပြော၏။ ကိုကျော်ဖံသည် သူများ ပြော လျှင်သာ ရယ်တော့မလို၊ ပြုံးတော့မလို ဖြစ်နေတတ်ပေမဲ့ စကားကိုတော့

mgyoe.com

mgyoe.com


များများမပြောတတ်ပေ။

ကိုကျော်ဖဲမှာ အေးတို့ဖေဖေ့သူငယ်ချင်း၏သား ဖြစ်သည်။ သူသည် ဝါးခယ်မဘက်ကမ်းရှိ ဦးဘိုကြီးကျောင်းတွင် ကိုးတန်းလောက်အထိတော့ နေဖူးသည်။ သူ ကျောင်းနေတုန်းကလည်း အေးတို့ဖေဖေက ကျောင်းထား ပေးခဲ့လေသည်။

ကျောင်းကထွက်ချိန်မှာမူ ကိုကျော်ဖဲသည် အေးဖေဖေ့လှေရုံတွင် ဝင်၍လုပ်ခဲ့လေသည်။ ခုတော့ အားလုံးပဲ ကိုကျော်ဖဲက ဦးစီးနိုင်ခဲ့လေ သည်။ အေးအဖို့တွင်လည်း သူ့လက်ပေါ်တွင် ကြီးပြင်း၍ လာခဲ့ရသူလေး ဖြစ်သည်။

အုန်းကောက်ညှင်းတစ်ပန်းကန် ချော၍သွားပေပြီ။

"အေးတို့ နောက်ဖေးလယ်ကွင်းထဲမှာ မြေစာဥတူးချင်တယ်၊ အစ်ကို ကျော်ဖဲကြီး လိုက်ခဲ့ပါ"

ကိုကျော်ဖဲသည် ခေါင်းညိတ်၍ပြလိုက်၏။ နောက်ဖေးက မိန်းကလေး တစ်သိုက်ကို အေးက အဖော်ခေါ်ပေမဲ့ ဘယ်သူမျှ မလိုက်အားကြပေ။

နစ်ယောက်တည်းပင် ခမေလေးတွေ ကိုယ်စီကိုင်၍ နောက်ဘက် လယ်ကွင်းထဲသို့ ဆင်းခဲ့ကြသည်။

မိုးတစ်ပြိုက်လောက်ရွာလိုက်ပြီဆိုရင်ပဲ မြေ၏ရဲဘော် မြေစာပင်လေး တွေသည် တစ်ကွင်းလုံးစိမ်းလာကြသည်။

မိုးသည် လှရုံလောက်သာရွာသေး၍ ဗွက်ထူပွပွမဖြစ်ဘဲ မြေကြီးထိုင်း ရုံသာ ရှိသေးသည်။ စိမ်းသောမြက်ခင်းပေါ်တွင် ရွှေမှုန်များ ပြန့်ကျဲနေသလို နေရောင်ကလည်း လွှမ်းနေသည်။

ကိုကျော်ဖဲ၏ဘေးမှ အေးက ဝင်ထိုင်၏။ မြေစာဥသည် စား၍ ချို ဆိမ့်ဆိမ့်ရှိသလောက် တူးရသည်မှာခက်လှသည်။ တူးတတ်လျှင် ရလွယ် ပေမဲ့ မတူးတတ်သူဆိုလျှင် အပင်သာ ပြတ်၍ပါတတ်သည်။ အေးမှာ

mgyoe.com

mgyoe.com



သူ့မြေစာဥကို ဂရုစိုက်၍တူး၏။ တစ်ဥပြီးတစ်ဥ ဖော်လိုက်၊ တချို့မှာ ပြတ်သွားလိုက် ဖြစ်နေသည်။

ကိုကျော်ဖံသည် မြေစာဥကို ဂရုစိုက်တူးနေပေမင့် အေးလောက်တောင် မရသေးပေ။ အေး သူ့ဘက်သို့ မော်၍ကြည့်တိုင်း သူသည် မြေစာဥကို ကောင်းကောင်းမတူးပေ။ လယ်ကွင်း၏ မဆုံးသော ပြန့်ကျယ်ကြီးကို ငေး၍ကြည့်နေ၏။

အေးက သူကြည့်ရာသို့ လိုက်၍ကြည့်၏။ မိုင်းခြေတံရှည်တွေသည် မြက်ခင်းထဲတွင် တလှုပ်လှုပ်သွားနေသည်။ တချို့မိုင်းတွေမှာ ဖွေးဖွေးဖြူသော အတောင်တွေကိုဖြန့်၍ နေရောင်ထဲတွင် စီရရီ ပျံသန်း၍သွားကြသည်။ အေး၏စိတ်ထဲတွင် ညနေ၏နေရောင်ခြည်ကျပုံမှာ တန်းတန်းကြီး မဟုတ်၊ ညွတ်ပျော့ပျော့ လျှော၍ကျနေသည်ဟု ထင်မိပေသည်။

"အစ်ကိုကျော်ဖံက ဘာကိုငေးနေတာလဲ ... ဟင်"

ကိုကျော်ဖံသည် အေးကိုလှည့်၍ ပြုံးပြ၏။

"မိုးများ ရွာမလားမသိဘူး။ မြေစာဥလည်း များပြီပဲ ... ပြန်ကြစို့လား"

"ပြန်ချင် ပြန်လေ"

အေးသည် ရသမျှမြေစာဥတွေကိုကျုံး၍ ပုံးငယ်ထဲသို့ ထည့်လိုက်၏။ ခါးဆန့်တဲ့ပြီး ကိုကျော်ဖံ၏ဘေးတွင် ယှဥ်၍ရပ်လိုက်သည်။ သူ့ကိုယ်သူ အံ့ဩသလိုကြည့်ရင်း ...

"အေး အတော်မြင့်လာတယ် ကြည့်စမ်း၊ အစ်ကိုကျော်ဖံကို မီတော့မယ်"

ကိုကျော်ဖံသည် ပြုံးပြန်သည်။ အေးသည် ကိုကျော်ဖံကို နှံ့နှံ့စပ်စပ်ကြည့်မိ၏။ ပခုံးထောင့် ကားကားနေ၍ပေလား၊ နှာတံပေါ်လို့လား၊ မျက်လုံးကပဲ တောက်လို့လားမသိ ကိုကျော်ဖံကို လှလာသည်ဟု ဆိုရပေမည်။

"ဟဲဟဲ... ကိုကျော်ဖံကြီးက နေရောင်ကြောင့်ထင်တယ် ပိုလှလာတယ်"

mgyoe.com

mgyoe.com


"မင်း ထင်ချင်သလို ထင်ပေါ့ကွာ"

သူသည် အေးနောက်မှ ပုံးကလေးကိုဆွဲ၍ လိုက်လာသည်။ နောက်ဘက်တွင် လယ်ကွင်းသည် ရွှေဇာပြင်အောက်ဝယ် ငြိမ်သက်၍ ကျန်ရစ်သည်။

အိမ်သို့မရောက်ခင် မိုးဖွဲလေးတွေကျလာ၍ စည်းရိုးနားက ပုန်းညက်ပင်အောက်ကို သူတို့နှစ်ယောက် ဝင်ခိုနေကြသည်။

မိုးဖွားသည် နေရောင်ကိုဖောက်၍ကျလာသောအခါ သက်တံရောင်များသည် ဘေးသို့ဖွာ၍ထွက်လာသည်။ ကိုကျော်ဖံသည် မိုးစက်ကလေးတွေကို ငေးနေမိပြန်၏။

အေးကတော့ ပုံးထဲတွင် ရော၍ပါလာသော မြက်တွေကိုရှင်း၍ ယူပစ်နေသည်။

"အေး ... ကောလိပ်ကျောင်းကို ဘယ်တော့လောက်သွားမလဲ"

အေးသည် ကိုကျော်ဖံကို လှည့်ကြည့်၍ ငိုင်နေ၏။

"ဘာလုပ်မလို့လဲ၊ ဖေဖေက ဆန်စက်ကိုသွင်းတဲ့ သစ်တွေအတွက် ငွေလာချေပြီးရင် လိုက်ပို့မယ်တဲ့၊ ကျောင်းခန်းအတွက်တော့ ရန်ကုန်က ဦးလေးမှူတို့ စီစဉ်ထားလိမ့်မယ်"

"ပြီး ... ဘယ်တော့ပြန်လာမှာလဲ"

"တစ်နှစ်တစ်ခါတော့ ပြန်လာမှာပေါ့"

"သြော် ..."

သူသည် ငြိမ်သက်၍ နေလိုက်ပြန်သည်။

"အစ်ကိုကျော်ဖံ စကားပြောတာက အေးတိအေးစက်သိပ်နိုင်တာပဲ"

"ကဲ ... မိုးစဲပြီ သွားစို့၊ မင်း ဟိုကျောင်းရောက်ရင် စာ ခဏခဏပေးနော်"

"အမေတို့ဆီရေးတိုင်း အစ်ကိုကျော်ဖံ့ဆီ ရေးမှာပေါ့"

mgyoe.com

mgyoe.com



ကိုကျော်ဖုံသည် အေးရှေ့မှ အရင်ရပ်လိုက်သည်။ နေရောင်သည် သစ်ရွက်များကြားမှဖောက်၍ အေး၏ပါးနပေါ်သို့ ညွှတ်၍ကျနေသည်။

တကယ်ဆိုတော့ အေးသည် မိန်းမယဉ်လေးပါလား။ အထက်နှုတ်ခမ်းက ပိပိလေးနေ၍ အမြဲပြုံးနေသလိုထင်ရသည်။ မြင့်သောအရပ်မှာ လမ်းလျှောက်သွားလျှင် ကြော့ကြော့မော့မော့လေးနေသည်။

အိမ်ထဲသို့ ရောက်ချိန်တွင်မူ အပြင်တွင် မိုးလုံးလုံးစဲ၍သွားပေပြီ။

***

mgyoe.com

mgyoe.com

(၄)

အမေတို့အားလုံးသည် အေးလေးမရှိ၍ အိမ်ကြီး ခြောက်သွေ့သွားသည်ဟုထင်ကြသည်။ အိမ်နောက်ဘက်ရှိ အေး၏အိပ်ခန်းလေးမှာလည်း ငြိမ်သက်၍နေသည်။

သူတို့သမီးလေးကို ကျောင်းနေစေချင်၍သာ ပို့ရသည်၊ အမေမှာ လွမ်း၍နေပေသည်။

စာ ခဏခဏ ရေးလေ့မရှိသော အမေသည် ယခုတော့ စာအလွန်ရေးနေပေပြီ။ သူ ရေးတတ်၍မဟုတ်၊ ကိုကျော်ဖေကိုရေးခိုင်းသည်။ ဖေဖေကလည်း စာရေးသည်။ အေးဆီက စာရလျှင် အမေသည် လှေ်စင်ဘက်သို့သွား၍ ကိုကျော်ဖေကိုခေါ်၏။ ပြီးတော့မှ နောက်ဖေးက မိန်းကလေးတွေပါမကျန် စုဝိုင်း၍ အေးထံမှစာကို ဖတ်ကြ၏။

အေးကလည်း အဖွဲ့ကောင်းသည့် သူငယ်မလေးပေပဲ။ မသက်ကိုထမင်းစားချိန်တွင် သတိရကြောင်းရေး၏။ ကိုကျော်ဖေကို ညနေစောင်းတွင်သတိရကြောင်းဖော်ပြကာ ဖေဖေနှင့်အမေကိုမူ မိုးလင်း၍အရက်လာတိုင်းဘယ်တော့မျှမမေ့ပါကြောင်းကို နွဲ့နွဲ့လေးဖွဲ့၍ပေးလိုက်သည်။

mgyoe.com

mgyoe.com


တစ်ခါတစ်ခါ အမေသည် စာဖတ်ရင်း မျက်ရည်ဝိုင်း၍လာတတ်သည်။

"ရွှေမိတစ်ယောက်ကလည်း ရူးလိုက်တာကွယ်"

ဖေဖေက တစ်ချက်လောက်အော်လိုက်မှ အမေသည် စာရွက်လေးကိုခေါက်၍ သိမ်းသွားတော့သည်။

အမေကလည်း အေးထံကိုစာရေးလျှင် အစုံပါသည်။ အေးအတွက်ကိုလည်း ခေါင်းကိုက်လျှင် မုဆိုးကျော်ကို ရေနွေးနှင့်သောက်ရမည်၊ ခြေအေးလျှင် နံ့သာဖြူကိုလူးရမည်၊ ဝမ်းချုပ်လျှင်လည်း ခံတပ်ကြီး ဆေးသောက်ရမည့်အကြောင်း ...

မနက်တွင် ဥဒေတယံ ဂါထာကိုရွတ်၍ ညဥ့်တွင် သမ္ဗုဒ္ဓေရွတ်ရန်ကိုလည်း ထည့်၍ရေးတတ်၏။

ကျောင်းပိတ်ရက်များ အေး ပြန်လာလျှင် အားလုံး စီစီညံညံဖြစ်နေကြတော့သည်။

အေး ပြန်သွားလျှင်လည်း တိတ်တိတ်ဆိတ်ဆိတ် ဖြစ်သွားပြန်၏။

"ဟောဒီထမင်းဝိုင်းမှာ အေးရဲ့နေရာ လပ်နေတာကိုက ပျင်းခြောက်ခြောက်ကြီးပဲ"

အမေသည် ခဏခဏပြောတတ်၏။

ယခုတစ်ပတ် ဝါကျွတ်ချိန်တွင် အေး ပြန်လာလိမ့်မည်ဟု အားလုံးက မျှော်လင့်ကြသည်။ ဒါပေမဲ့ အေး မပေါ်လာပေ။ အေးအစား စာလေးတစ်စောင်သာ ရောက်၍လာသည်။

အမေသည် ထုံးစံအတိုင်း သူခေါ်နေကျလူတွေကိုခေါ်၏။ စာအိတ်ကိုဖောက်ပြီး ကတုန်ကယင်အသံနှင့် ဖတ်၏။

*ဖေဖေနှင့် အမေ ...*

*အေး ရှိသေစွာစာရေးလိုက်ပါတယ်။ ဒီတစ်ပတ် သီတင်းကျွတ်ပွဲတော်ကို အေး ပြန်မလာနိုင်ပါ။ စာကြည့်စရာတွေ အလွန်ပဲများပါတယ်။*

mgyoe.com

mgyoe.com



*ပြီးတော့လည်း ရန်ကုန်သီတင်းကျွတ်ကို အေး တစ်ခါမှ မတွေ့ဖူးသေးလို့ပါ။*

*အစ်ကိုကျော်ဖံနဲ့ မသက်တို့ကိုလည်း သတိရကြောင်း ပြောပေးပါ။*

*အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ...*

*သမီး ... အေး*

"ဟင် ... စာကလည်း တိုလိုက်တာ"

အမေသည် မကျေမနပ်နှင့်ပြောလိုက်၏။ ကိုကျော်ဖံကလည်း ဒါလောက် စာတိုတိုလေးရေးသည်ကို အားမရပေ။ အားလုံး လူစုခွဲသွားကြသည်။

အမေသည် စာကိုဖတ်ရင်း တိုး၍များ ရှည်ထွက်လာတော့မလို ထပ်ကာ ထပ်ကာဖတ်၏။ စာကတော့ ဒီအတိုင်းပဲရှိနေသည်။

နောက်ဆုံးမှ သက်ပြင်းချလိုက်ကာ စာရွက်ကိုခေါက်လိုက်တော့၏။

"ကိုရင် ... အေးပေးတဲ့စာကလည်း တိုလှချည်လား"

ဖေဖေကလည်း အမှန်တော့ အမေ့လိုပင် စိတ်ထဲမှာသံသယရှိသည်။ ဒါပေမဲ့ သူတို့သံသယသည် "ဘာ" ဟူ၍လည်း ထုတ်ဖော်မပြောတတ်ပေ။

"အေးလေ ... ရှေ့နှစ်ဆို ဘီအေအောက်တန်း မဟုတ်လား။ ဒီတော့ စာကြိုးစားရပါလိမ့်မယ်၊ ဒါကြောင့် စာရှည်ရှည်မရေးနိုင်တာပါ"

နှစ်ယောက်စလုံးသည် မကျေနပ်ကြသည့်မှန်ပေမင့် စိတ်ကိုလှည့်၍ တွေးလိုက်ကြသည်။

*

သီတင်းကျွတ် ကျောင်းဖွင့်ချိန်တွင် အေးထံသို့ စာတစ်စောင်ရောက်လာသည်။ လက်ရေးကိုမြင်ကတည်းက ကိုကျော်ဖံ၏စာမှန်း အေးက သိပြီးဖြစ်လေသည်။

mgyoe.com

mgyoe.com



*အေး ...*

*ဒီသီတင်းကျွတ်မှာ ကိုယ်တို့အားလုံး အေးကိုမျှော်နေတယ်၊ အေး ဘာလို့ မပြန်လာတာလဲ။*

*လယ်ကွင်းကျောင်းမှာလည်း ပွဲတော်ဖြစ်သေးတယ်။ ဆွမ်းတော်ကြီး လောင်းပွဲလည်းဖြစ်လို့ အိမ်ကမုန့်ဖက်ထုပ်တွေလုပ်ပြီး ဝေကြတယ်။ အမေ ကဖြင့် မုန့်လုပ်တုန်းက အေးအကြောင်းချည်းပြောနေတာပဲ။*

*ဒီစာရေးနေတုန်း ကိုယ်တို့ မြေစာဥတူးခဲ့တဲ့ လယ်ကွင်းထဲမှာ စပါးပွင့် တွေ ပြည့်နေပြီ။*

*နွေကျရင် လယ်ကွင်းထဲမှာ ဝက်ပါလုပ်ဖို့ ကွင်းကျောင်းဆရာတော်နဲ့ ရွာကလူကြီးတွေ တိုင်ပင်ထားကြတယ်။*

*နွေကျောင်းပိတ်ရင်တော့ အေး ပြန်လာခဲ့ပါလားကွယ်။*

*ဘာ့ကြောင့်လဲ မသိပါဘူး အေးရယ် ... ကိုယ်တို့ဖြင့် မင်းကို အမြဲ သတိရနေကြတာပါပဲ။*

*အမေ့ဆီမျှား စာရေးတဲ့အခါ ရှည်ရှည်ရေးပါ၊ အမေက သိပ်မျှော် လင့်တာပဲ။*

*တစ်ခါတလေတော့ ကိုယ်ထင်မိတယ်လေ၊ မင်းစာတွေဟာ တဖြည်းဖြည်းတိုလာပြီး နောက်ကို ပျောက်သွားမှာပဲလို့ထင်မိနေတယ်။*

*ကဲ ... ဒါပါပဲ အေးရယ်။*

*ချမ်းမြေ့ရွှင်လန်းပါစေ ...*

*အစ်ကို ... ကျော်ဇံ*

အေးသည် စာကိုဖတ်ရင်း ပြုံးမိ၏။ ပြီးတော့ အမေ့ဆီ စာတိုတိုလေး ရေးပေးလိုက်မိသည်ကို စိတ်မကောင်းဖြစ်ရပြန်သည်။

ဒါပေမဲ့ စာများကလည်း ရှည်ရှည်ရေးလို့ မရတော့ပါလား။ အစ်ကို ကျော်ဇံ ရေးလိုက်သည့် ကွင်းကျောင်းပွဲတော်နှင့် ဝက်ပါအကြောင်းတွေက

mgyoe.com

mgyoe.com


လည်း အေး စိတ်ကို ဘယ်လိုမှမဆွဲငင်ကြတော့ပေ။ အမှန်တော့ အေး သည် အားလုံးမေ့ပစ်ချင်သည်။ အမေတို့မေတ္တာတွေကိုလည်း ကာပြန်ချင် သည်။ ဒါပေမဲ့ အမေတို့ကလည်း ကြိုးစား၍မေ့ပစ်တောင်မှ မေ့လို့မရမည့် လူမျိုးတွေပါလား။

အေးက အရွယ်၏အပြောင်းအလဲအချိန် အမေ့မေတ္တာကို ခဏ မေ့ထားချင်သည်။ အမှန်တော့လည်း အေးသည်ဘာမျှ ထူးခြားပြောင်းလဲ သည်တော့မဟုတ်ပါ။ ဘယ်သူမဆို သောက်နေကျရေထက် ရောင်မျိုး ခြယ်ထားသော ယမကာဖျော်ရည်ကို တန်ဖိုးထား၍ ဝယ်သောက်ကြစမြဲ မဟုတ်ပါလား။

⁂

သီတင်းကျွတ်တွင် စာတိုလေး လာပြီးကတည်းက မိဗွေအေးထံမှ ဘာစာမျှမလာတော့ပေ။ နွေပေါက်လာပြန်တော့လည်း ရိုးပြတ်များပေါ် တွင် ဝက်ပါပွဲပင် ပြီးခဲ့လေပြီ။ အေးထံက စာလည်းမရောက်၊ အထောက် စေသူတွေကလည်း မလာတော့ပေ။

ဖေဖေ့စိတ်ထဲမှာ လှုပ်ရှားလာ၏။ လိုက်သွားရမှာကလည်း အလုပ် တွေကမပြီးပြတ်သေး။ အမေကလည်းရင်ခုန်လှုပြီ၊ စိတ်ထဲမှာ မထွေးနိုင် မအန်နိုင်ဖြစ်နေကြပေမင့် ဘီအေရောက်နေ၍သာ စာမရေးနိုင်သည်ဟု တွေးကာ သူတို့စိတ်ကို ချမ်းသာအောင်နေကြသည်။

ကိုကျော်ဖံမှာတော့ သူ့ဆီကို စာခေါင်းတပ်၍ လာလေ့လာထမရှိ သောကြောင့် အမေတို့ဆီအလည်လာရင်း တစေ့တစောင်း အေးအကြောင်း ကိုနားစွင့်ပြီး အေးသတင်းကို စုံစမ်းမိသည်။

"ကောင်မလေး ရက်စက်လိုက်တာလွန်ရော"

အေး၏သတင်းကို မကြားရ၍ ပြန်သွားရတိုင်း သူက ညည်း၏။ ယနေ့တော့ သူသည် လှည်းစင်ဘက်သို့ကူးခါနီးတွင် အိမ်ရှေ့မှာ စာပို့သူရောက်

mgyoe.com